မြန်မာခရစ်ယာန်မိဿဟာယအသင်းတော်

*Burmese Christian Fellowship*

# †Newsletter - သတင်းလွှာ

*Enjoy free reading from B.C.F. ___ Volume 7/Issue 7 / July / 2014*




## အချိန်တိုင်း နာရီတိုင်း

ကျွန်ုပ်တို့သည် အချိန်တိုင်း၊နာရီတိုင်း၊ ဘုရားသခင်၏ ကူညီလမ်းပြမှုကို လိုအပ်ပါသည်။

နေ့စဉ်ဆုတောင်းရာ၌လည်း လမ်းပြတော်မူပါဘုရား။ တန်ခိုးတော်ကြောင့် ကျွန်ုပ်တို့၏ ခြေတစ်လှမ်းမျှပင် မချော်လဲစိမ့်သောငှါ တောင်းခံရပါ၏။ ကျွန်ုပ်တို့၏ ဆုတောင်းခြင်းကို ဘုရားသခင်၏ အနန္တတန်ခိုးတော်နှင့် ချိတ်ဆက်လိုက်သောအခါ အကူအညီမဲ့သွားခြင်း၊ အမင်္ဂလာဖြစ်သွားခြင်းဟူ၍ မရှိပါ။ ၂၅ ခုမြောက်သောဆာလံတွင် "ကိုယ်တော်၏သမ္မာတရားကိုပြ၍ အကျွန်ုပ်ကို သွန်သင်တော်မူပါ။" ဟုဒါဝိတ်မင်းကြီးတောင့်တခဲ့ပါသည်။

အချိန်၏ အရေးပါမှုကို သိရှိနားလည်သူတိုင်းသည် ဘုရားလမ်းပြညွှန်မှု၏ အရေးပါမှုကိုလည်း အထူးသတိပြုတတ်ရမည်။ အချိန်၏နာရီသံတချက်ချက် စဉ်ဆက်မပြတ်မြည်သံကို ကြားရသည့်အခါတိုင်းတိုင်း၌ ဘုရားသခင်၏ ကူညီလမ်းပြမှုကို အစဉ် လိုအပ်ကြောင်းကို သတိပေးနေပါသည်။ ကျွန်ုပ်တို့၏ စိတ်ဝိညာဉ်တွင် နံနက်နိုးလျှင် ဘုရားသခင်သည် ပထမဖြစ်စေ၊ ညအချိန်နောက်ဆုံး အိပ်ယာဝင်အတွေးသည်လည်း ဘုရားသခင်သာ အချိန်တိုင်း၊ နာရီတိုင်း၊ ဖြစ်စေပါ။

ထိုသို့ပြုလျှင်၊ သင်သည်လည်း အမြင့်ဆုံးသော ဘုရား၌ နေရာကျသောကြောင့်၊ သင်၌ မကောင်းသောအနိဋ္ဌရုပ် မကပ်မရောက်။ သင့်နေရာသို့ ဘေးဥပဒ်မချဉ်းရ။ သင်ဘေးရောက်သည့်အခါများ၌ အထူးသဖြင့် ကူမတော်မူမည်။ သင့်ကိုစောင့်ရှောက်တော်မူကြောင်း ထင်ရှားလိမ့်မည်။

## *2014, July Events*




**Holy Communion**

07/ 06/ 2014

~~~~~~~~~~~~~~~

**B.C.F. Official Board Meeting**

07/ 13/ 2014

~~~~~~~~~~~~~~~

**Worship Service**

07/ 20/ 2014

~~~~~~~~~~~~~~~

**B.C.F. Youth Sunday**

07/ 27/ 2014

~~~~~~~~~~~~~~~

**Every Service on Sunday 2:00PM**
***At***
***St. Luke's Episcopal Church.***
***122 S. California Ave.***
***Monrovia, CA 91016***

# Burmese Christian Fellowship Youth

**1980- 2014**




**You're cordially invited**

**to**

**BCF Youth Sunday Service.**

**on**

**Sunday 2:00 PM. July 27, 2014**

**at**

**St. Luke's Episcopal Church.**
**122 S. California Ave.**
**Monrovia, CA**

**Programs:**
**Praise songs**
**Special prayer**
**Special music**
**Scripture**
**Message**
**Fellowship and Foods**

*** Please join us at the hospitality table after the Service ***

# Burmese Christian Association of North America

# မြောက်အမေရိကတိုက်မြန်မာခရစ်ယာန်အသင်း

*Conference 2014 for the Pastors & Spouses,*
*Lay Leaders and Youths & Young Adults*

**THEME:**

## " The Kingdom of God is Within You "

*Luke 17: 21*

“သင့်ထဲ၌ ရှိသော ဘုရားသခင့် နိုင်ငံတော်” လုကာ ၁၇း၂၁




*You are invited to join the conference 2014 at the Calvary Burmese Church in our nation's capital, Washington DC. We are gathering to recharge our body and soul based on this year theme and to strengthen the bond through fellowship among the Burmese Christians from North America. As such, we have invited our very own high-powered speakers & teachers to lead the theme presentation, bible study, devotion, worship and consecration. Also, Washington DC is an excellent place to visit either individually or with the family where many historical and famous national monuments and museums are located. We hope to see you at the conference!*

## *Conference Information:*

*Host:*
*Calvary Burmese Church, Washington DC*
*Place:*
*755 Eight Street, N. W. Washington DC 20001*
*Date:*
*Thursday Evening, July 17 to Sunday Afternoon, July 20, 2014*

# Southern California Burmese Christian Family Camp



Camp Place… Colby Ranch

Camp Address ….Colby Ranch
23828 Angeles Forest Highway
Palmdale, CA 93550

Contact … colbyranch@calpaccamps.org

Contact Numbers … 626-792-2296
626-568-7333

Arrival … Saturday, August 30, 2014 at 11:00 AM

Departure … Monday, September 01, 2014 at 2:00 PM



***Just 45 minutes north of Pasadena, Colby Ranch provides serene year-round camping in the heart of the Angeles National Forest.***

**J**
**U**
**L**
**Y**

## Facts about July

According to the Gregorian calendar, July is the seventh month. On the Roman calendar, it was the fifth month and it was called 'Quintilis', meaning 'fifth'. Julius Ceasar gave the month 31 days in 46 B.C. The Roman Senate named it 'Julius', in honor of Caesar.

July is usually the hottest month of the year in the Northern Hemisphere. July is one of the winter months in the Southern Hemisphere. The climate is mild in most of the Southern Hemisphere, with the exception of the COLD Antarctica, and the cold, rainy part of South America. During July, when there isn't much rain, the grass often loses its greenness. Some flowers are abundant in July, because they strive on the heat. Also, insects are abundant as well - life is striving in July!

- The Ruby is the gem for July.
- The water lily is the flower for the month of July.
- July 1 - Canada Day
- July 4 - Independence Day

# ငြိမ်းချမ်းရေးသို့



ခရစ်ယာန်လူငယ် .. မောင်မယ်များတို့
မကြုံစဘူး အခွင့်ထူးကြီးသည်
သင့်ရှေ့မှောက်သို့ ယနေ့ပင် ကျရောက်၍ နေပေပြီ။

စူးရှသော သင်၏အာရုံ
လောကသားတို့ ကျယ်လောင်စွာ တောင့်တနေသံကို သုံးသပ်ပါလော့။

ဆာလောင် မွတ်သိပ်စွာဖြင့် ငြိမ်းချမ်းရေးကို တောင့်တသံတို့သည် မိုးအောက်မြေပြင်တွင်၊
ကမ္ဘာတစွန်းမှ တစွန်းသို့ ပဲ့တင်ထပ်ခါ မရပ်မနား လူးလာပျံသန်းနေ၏။

သို့ဆိုလိုက်လျှင်၊
သင် .. ဆီးကပ်ကိုးကွယ်ရာ ကားတိုင်တော်တရားကို
သင် .. ချက်ခြင်း သတိရပေလိမ့်မည်။

မှန်ပါပေ၏။
နေ့ရက်အချိန်ညောင်း၍၊ ကမ္ဘာအသွင်ပြောင်းခဲ့သော်လည်း၊ ထာဝရအမြဲ သစ်လွင်၍၊
ပြောင်းလဲခြင်းမရှိ၊ ပကတိတည်နေသော ထိုတရားတော်ကား မြင့်မြတ်လှပေစွ။

ထိုတရားတော်သည်သာလျှင်၊
လူသားတို့ ပြင်းပြစွာ တောင့်တနေသော ငြိမ်းချမ်းရေးကို ပေးနိုင်စွမ်းမည် မဟုတ်ပါလော။

ထို့ကြောင့်၊
သင်ရှိနေရာ ပတ်ဝန်းကျင်၌၊ သင်ယုံကြည်ကိုးကွယ်ရာ ကားတိုင်တော်အရှင်၏ငြိမ်းချမ်းရေး
တရားတော်ကို အမြဲတစေ ကျင့်သုံး လေ့လာ ဟောပြောပါလော့။

ဤသို့လျှင်၊
သင် .. ယုံကြည်ကိုးကွယ် အထွတ်အမြတ်ထားသည့် ကားတိုင်တော်၏
လင်းရောင်ခြည်သည် ဘဝဂ်အထိ ကွန့်မြူးလျက်၊
မြေကြီးပေါ်၌ ငြိမ်သက်ခြင်း ရှိစေအံ့သတည်း။ ။

**တက္ကသိုလ်–ညိုဝင်း**

# မင်္ဂလာစကား



နှုတ်ကပတ်တော်တည်းဟူသော သမ္မာကျမ်းစာကို တတ်ကျွမ်းကျင်တဲ့ သုခမိန်ကြီးတစ်ပါးသည် ဘုရားရှိခိုးဝတ်ပြုရာ ဗိမာန်တော်ကြီးထဲတွင် ဒူးထောက်လျက်ဆုတောင်းနေစဉ်အခါ၊

သူ၏အာရုံထဲတွင် ခရစ်တော်ယေရှု ကိုယ်ထင်ရှားပြတယ်လို့ ဆိုလာပါတယ်။
ထိုအချိန်မှာ၊ ပတ်ဝန်းကျင်၌၊ အလင်းရောင်များ တောက်ပစွာ ထွန်းလင်းနေတယ်။

ခရစ်တော်က .. သင် ငါ့ကို ဘာပေးမလဲ?
သခင်ဘုရား တပည့်တော်ရဲ့ နှလုံးသားကို ပေးဆက်ပါ့မယ်။
ကောင်းပြီလေ .. နောက်ထပ် ပေးပါအုံး..?
တပည့်တော်ဆီမှာ ရှိသမျှ တပည့်တော်ရဲ့ ဘဝတစ်ခုလုံးကို ပေးပါ့မယ်။
ဒါနဲ့မပြီးသေးဘူး .. ငါလိုချင်တာ ရှိသေးတယ်..?
ကိုယ်တော်ဘုရား.. တပည့်တော်ဆီ နောက်ထပ် ဘာမျှမရှိတော့ပါဘူး ဘာလိုချင်သေးပါသလဲ..?
ငါက သင့်ပြစ်အားလုံးဖြေလွှတ်ဖို့အတွက် အသွေးတော်သွန်းကာ ပေးဆပ်ခဲ့ပြီ။
သင် .. ဘာကြောင့် သင့်ရဲ့အပြစ်ဝန်ထုပ်ကြီးကို သင်ကိုယ်တိုင်ထမ်းနေရသလဲ..?
သင့်ရဲ့အပြစ်များအားလုံးကိုပေးပါ...။
ဒါတွေနဲ့ ကိုယ်တော် ဘာလုပ်မှာလဲ..?
သင့်အပြစ်များ အားလုံးကို လွှတ်ခြင်းအခွင့် ရနိုင်ဖို့ ငါ့ကိုပေးပါ..?
ကိုယ်တော်ဘုရား တပည့်တော် ပေးပါတယ် ဆိုပြီး၊ သုခမိန်ကြီးဟာ ဝမ်းသာအားရလွန်း၍ ခရစ်တော်ယေရှုအား မျက်ရည်ပြည့်ဝသော ချစ်ခြင်းဖြင့် ကြည့်လိုက်တယ်။

ဤအဖြစ်အပျက်လေးက ဘာကို ဆိုလိုပါသလဲ?။ ရှင်းရှင်းလေးပါဘဲ။
ခရစ်တော်ကို ဝမ်းမြောက်ကြည်နူးစေဖို့ ကျွန်ုပ်တို့တစ်ဦးစီသည် ကိုယ့်အပြစ်၊ ကိုယ့်အမှားများအတွက် ဝမ်းနည်းတောင်းပန် ဝန်ချခြင်းနဲ့ ပြင်ဆင်ဖို့ ဖြစ်ပါတယ်။

သို့မှသာ၊ ဖြူစင်သော နှလုံးသားအသစ်နဲ့ ကိုယ်တော်၏အထံတော်ပါးသို့ တိုးဝင်ချဉ်းကပ်နိုင်ပါလိမ့်မည် ... ။ ။

# အဒိုနိုင်ရမ်ဂျဒ်ဆင်(Adoniram Judson)

**မြန်မာပြည် နှစ်ခြင်း ခရစ်ယာန် သာသနာ နှစ် ၂၀၀ ဖခင်ကြီး ဆရာယုဒသန်၏ အတ္ထုပ္ပတ္တိ**



Adoniram Judson (1788-1850) was an American Baptist missionary, lexicographer, and Bible translator to Burma.

အဒိုနိုင်ရမ်ဂျဒ်ဆင်ကို အမေရိကန်ပြည်ထောင်စု၊ မက်ဆာချူးဆက်ပြည်နယ်၊ မော်လဒင်မြို့နေ ဂွန်ဂရီဂေးရှင်းနယ် သင်းအုပ် အဘ-ဂျဒ်ဆင် (Adoniram Judson Senior) နှင့် အမိ အဘီဂေးလ်ဘရောင်း (Abigail Brown) တို့မှ ၁၇၈၈-ခုနှစ်၊ ဩဂုတ်လ (၉)ရက်နေ့တွင် မွေးဖွားသည်။ အဘိုး အဒိုနိုင်ရမ် - ၃ရာ ၄း၆၊ ၅း၁၄ ကို အစွဲပြု၍ အဒိုနိုင်ရမ်ဂျဒ်ဆင်ဟု အမည်ပေးခဲ့သည်။ မွေးချင်းလေးဦးတွင် အကြီးဆုံးသား ဖြစ်ပြီး၊ ညီမ အဘီဂေး(လ်)ဘရောင်း ဂျဒ်ဆင်(Abigail Brown Judson)၊ ညီအယ်လ်နာသန်ဂျဒ်ဆင် (Elnathan Judson)နှင့် ညီမငယ် မေရီဂျဒ်ဆင် (Mary Judson)တို့ဖြစ်ကြသည်။

ကလေးဘဝကတည်းကပင် အသိဉာဏ်ပညာထက်မြက်သည်ကို မိခင်၏ ယုယပိုက်ထွေး သင်ကြားပေးမှုအားဖြင့်၊ သမ္မာကျမ်းစာအခန်းကြီးတစ်ခုလုံးကို အလွတ်ရွတ်ဆိုပြနိုင်ခြင်းဖြင့်၊ ထုတ်ဖော်ပြသခဲ့သည်။ သက်တူ ရွယ်တူများနှင့် ဆော့ကစားလျှင်လည်း အဒိုနိုင်ရမ်က သင်းအုပ်ဆရာလုပ်ကစားလေ့ရှိသည်။ ကလေးဘဝ သူ၏ အနှစ်သက်ဆုံးဓမ္မတေးမှာ "သွား၍ ငါ၏ ဧဝံဂေလိတရားကို ဟောပြောလော့။ ဘုရားသခင်မိန့်တော်မူ၏။" (Go preach my Gospel, saith the Lord) ဖြစ်သည်။

ငယ်စဉ်ကပင် စူးစမ်းလိုစိတ် ပြင်းထန်ခဲ့ပြီး၊ စာအုပ် စာပေများကို စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာခဲ့ရာ၊ ဂရိနှင့် လက်တင် စာပေနှင့် သဒ္ဒါတို့ကို ကောင်းမွန်စွာတတ် မြောက်ခဲ့သည်။ ၁၈၀၄-ခုနှစ်၊ အသက် ၁၆-နှစ်တွင် Rhodes Island Christian College(ယခု Brown Univer-sity) တွင် စတင်၍ ပညာဆည်းပူးခဲ့ရာ၊ အမြဲ သူများ ထက်သာရမည်ဟူသော စိတ်ဓာတ်ဖြင့် ကြိုးစား၍ တစ်ခါမျှ စာမေးပွဲမကျခဲ့။ ၁၈၀၇-ခုနှစ်၊ စက်တင်ဘာ လတွင် ဝိဇ္ဇာဘွဲ့(ဘီအေ)ရရှိခဲ့ပြီး၊ မိမိအိမ်သို့ပြန်ကာ ပလိုင်းမောက် မြို့တွင် ပုဂ္ဂလိကကိုယ်ပိုင်ကျောင်း ဖွင့်ကာ၊ တစ်ချိန်တည်းလိုလိုတွင် အင်္ဂလိပ်သဒ္ဒါနှင့် ဂဏန်းသင်္ချာဘာသာ အတွက် အရည်အသွေးမြင့် မားသော ဖတ်စာအုပ်နှစ်အုပ်ကို ပြုစုရေးသားပုံနှိပ်ထုတ်ဝေခဲ့သည်။ ငယ်ရွယ် နုနယ်သေးသောအဒိုနိုင် ရမ်အတွက် ဤသည်မှာ ထူးခြားပြောင်မြောက်သော လုပ်ဆောင်နိုင်မှု အောင်မြင်ခြင်းဖြစ်သည်။

ထိုအချိန်ကာလတွင် ဘုရားမဲ့ဝါဒလွှမ်းမိုးနေချိန်ဖြစ်ရကား၊ အဒိုနိုင်ရမ်ဂျဒ်ဆင်မှာလည်း တက္ကသိုလ်မှ သူငယ်ချင်း ဂျေးကော့အိမ်း(စ်) (Jacob Eames)အား အထင်ကြီးနားဝင်ကာ၊ တစ်ယူသန်စွာ ဧဝံဂေလိတရား ကိုငြင်းပယ်ပြီး၊ ဘာသာအယူဝါဒ မယုံကြည်သူတစ်ဦးအနေဖြင့်၊ အသက်ရှင်ခဲ့သည်။ စိတ်လှုပ်ရှားဖွယ်ဘဝကို စူးစမ်းရှာဖွေမည်ဟုဆိုကာ၊ မိဘများနှင့်အတူမနေဘဲ၊ ထွက်ခွာခဲ့ရာ၊ တည်းခိုခန်း တစ်ခုသို့ရောက်ခဲ့သည်။ မိုးချုပ် နောက်ကျနေ၍ အခန်းလွတ်တစ်ခန်းသာ ကျန်တော့ကြောင်း၊ ထိုအခန်းမှာလည်း အလွန်နေမကောင်းဖြစ်နေသူ အခန်းနှင့် ကပ်လျက်ဖြစ်ကြောင်းသိရသည်။ ထိုအခန်းကို အဒိုနိုင်ရမ်ငှားယူခဲ့ရာ၊ တစ်ညလုံးလိုလိုပင် တစ်ဖက် ခန်းမှ လူ၏ညည်းသံကျယ်တစ်လှည့်၊ တိုးသွားတစ်ခါ ကြားနေရသည်။ ထိုအချိန်မှာပင် ဝေဒနာခံနေရသူ၏ စိတ် ဝိညာဉ်အဆင့် မည်သို့ရှိမည်။ ထိုညည်းတွား နေသူအတွက် မည်သို့သောထာဝရကာလရှိနေမည်၊ စသည်တို့ကို အဒိုနိုင်ရမ်တွေးနေမိခဲ့သည်။ သေခြင်းနှင့် ထာဝရ အမြဲကာလအကြောင်းများကို အဒိုနိုင်ရမ်မစဉ်းစားဘဲ မနေနိုင် ဖြစ်ခဲ့သည်။

နောက်တစ်နေ့နံနက်တွင် တည်းခိုခန်းရှင်အား ညည်းတွားနေသူမည်သို့ရှိကြောင်း အဒိုနိုင်ရမ် မေးကြည့်ရာ သေဆုံးသွားပြီဖြစ်ကြောင်း၊ ထိုသူမှာ ပြည်နယ်ကောလိပ်မှ ဂျေးကော့အိမ်း(စ်)ဖြစ်ကြောင်း ကြားရသောအခါ၊ အဒိုနိုင်ရမ်အဖို့ မိုးချုန်းသံကြားသလို ခံစားလိုက်ရသည်။ သူ၏စိတ်တွေကြေကွဲ၊ ဝရုန်းသုန်းကားဖြစ်၊ ကြောက် စိတ်တွေ ပြည့်လျှံသွားပြီး၊ မိဘအိမ်သို့ ပြန်လှည့်ခဲ့သည်။

အင်ဒိုဗားဓမ္မတက္ကသိုလ် (Andover Theological Seminary) ၌ ၁၈၀၈-ခုနှစ်၊ အောက်တိုဘာလ (၁၂) ရက်တွင် ဓမ္မပညာလေ့လာဆည်းပူးခဲ့ပြီး၊ ဒီဇင်ဘာလ (၂) ရက်တွင် မိမိအသက်တာကို ဘုရားရှင်ထံ ဆက်ကပ် အပ်နှံခဲ့သည်။ Andover ၌ ပညာဆည်းပူးစဉ်၊ ဗြိတိသျှ အရှေ့အိန္ဒိယကုမ္ပဏီ British East India Company တွင် ဘာသာရေးမှူး (Chaplain) အဖြစ်တာဝန်ထမ်းဆောင်ခဲ့သော၊ Dr. Claudius Buchanan ဟောကြားသော The Star in the East ခေါင်းစဉ်ရှိ တရားဟောချက်ပုံနှိပ်စာကို ရရှိဖတ်ရှုအပြီး၊ ၆-လအကြာတွင် သာသနာ ပြုအဖြစ် ဘုရားအမှုဆောင်ရန် ဆုံးဖြတ်ချက်ချခဲ့သည်။

ဝိလီယမ်ကောလိပ် (William College)မှ ဘွဲ့ရသော ဆယ်မြူရယ်ဂျေမေးလ် (Samuel J.Mill)၊ ဂျိမ်းစ်ရစ်ချက်ဒ်(James Richard)၊ လူသာရိုက်စ်(Luther Rice)၊ ဂေါ်ဒွန်ဟောလ် (Gordon Hall)တို့နှင့် Andover တွင်ဆုံမိပြီး၊ ဆုတောင်းပဌနာပြုခြင်းကို မှန်မှန်ပြုလေ့ရှိသည်။ အဒိုနိုင်ရမ်ဂျဒ်ဆင်သည် Brown University မှ ကထိကအဖြစ် ကမ်းလှမ်းခြင်း၊ ဘော်စတွန်မြို့ အသင်းတော်မှ တွဲဖက်သင်းအုပ်အဖြစ် ကမ်းလှမ်းချက်များကို လက်ခံခြင်း မပြုခဲ့ပေ။

၁၈၁၂-ခုနှစ်၊ ဖေဖော်ဝါရီလ(၅)ရက်တွင် အဲ(န်)ဟာဆယ်(လ်)တိုင်း(Ann Hasseltine) နှင့် ဘရက်ဖေ့ဒ်မြို့ အသင်းတော်၌ ထိမ်းမြားလက်ထပ်ခဲ့ပြီး၊ ၁၈၁၂-ခုနှစ်၊ ဖေဖော်ဝါရီလ (၆) ရက်တွင်၊ ဆေလမ်မြို့ရှိ တယ်ဘာနီကာ အသင်းတော်တွင် လက်တင်မင်္ဂလာခံယူခဲ့သည်။

၁၈၁၂-ခုနှစ်၊ ဖေဖော်ဝါရီလ (၂၉) ရက်နေ့တွင်၊ အမေရိကန်ပြည်ထောင်စု၊ ဆေလမ်မြို့ဆိပ်ကမ်းမှ ကယ်ရာဗန် (Caravan) သင်္ဘောဖြင့် ထွက်ခွာခဲ့ရာ၊ ယင်းနှစ် ဩဂုတ်လတွင် အိန္ဒိယနိုင်ငံ၊ ကာလကတ္တားမြို့သို့ ဆိုက် ရောက်သည်။ သင်္ဘောနှင့် ခရီးရှည်ပြုစဉ် သမ္မာကျမ်းစာ ဖတ်ရှုလေ့လာခြင်းနှင့်အတူ၊ ကော်ကရီကေးရှင်းနယ် ဂိုဏ်းဂဏဆိုင်ရာအယူဝါဒများကို လေးလေးနက်နက်စဉ်းစားမိပြီး၊ ကာလကတ္တားမြို့ရှိ လားဘဇားအသင်း တော်တွင် ဆရာကြီးဝတ်ဒ် (Rev. William Ward) လက်ဖြင့် အဒိုနိုင်ရမ်နှင့် အဲန်ဂျဒ်ဆင်တို့သည် ၁၈၁၂-ခုနှစ်၊ စက်တင်ဘာလ (၆) ရက်နေ့တွင် ရေနှစ်ခြင်းမင်္ဂလာခံယူခဲ့သည်။

ကာလကတ္တားတွင် ဆက်နေရန်အခွင့်မသာသဖြင့်၊ ၁၈၁၃-ခုနှစ်၊ ဖေဖော်ဝါရီလ (၁၇) ရက်တွင် မောရစ်ရှပ်စ်ကျွန်း (Mauritius) ပေါ့လူးဝိ(စ်) (Port Louis)ဆိပ်ကမ်းသို့ ဆိုက်ရောက်ခဲ့သည်။ အရှေ့အိန္ဒိယကုမ္ပဏီ၏ အုပ်ချုပ်မှုအောက်တွင်ရှိသော ယင်းကျွန်း၌ ဆက်မနေထိုင်နိုင်သောကြောင့်၊ ၁၈၁၃-ခုနှစ်၊ ဖွန်လ ၂၂ ရက်နေ့တွင် မောရစ်ရှပ်စ်မှ ပီနန်သို့ ထွက်ခွာသောဂျော်ဂျီယားနား (Georgiana)သင်္ဘောနှင့် လိုက်ပါခဲ့ရာ၊ မုန်တိုင်းခက်ထန် သောပင်လယ်ခရီးကြမ်းကို ဖြတ်ကျော်အပြီး၊ မြန်မာနိုင်ငံဆိပ်ကမ်းသို့ ၁၈၁၃-ခုနှစ်၊ ဇူလိုင်လ၊ (၁၃) ရက်တွင် ဆိုက်ရောက်ခဲ့သည်။

ဦးစွာမြန်မာစကားနှင့် မြန်မာစာကို သင်ကြားခံယူခဲ့ပြီး၊ ဝေစာများကို ဘာသာပြန်ပုံနှိပ်ထုတ်ဝေခြင်း၊ သမ္မာကျမ်းပိုင်းအချို့ကို ဘာသာပြန်ပုံနှိပ်ထုတ်ဝေခြင်းများပြုခဲ့သည်။ တစ်ဦးချင်းကို ချဉ်းကပ်၍ သက်သေခံရာမှ လူ အများစုဝေးစေပြီး ဟောပြောလိုသောသဘောဖြင့်၊ ဇရပ်တဲတစ်ဆောင်ကို မြန်မာဆန်ဆန်ပုံစံနှင့်၊ ရွှေတိဂုံစေတီ အသွားလမ်းပေါ်တွင် တည်ဆောက်၍ သာသနာပြုခဲ့သည်။ မြန်မာနိုင်ငံရောက်ပြီး (၃)နှစ်အကြာတွင် မြန်မာသဒ္ဒါ စာအုပ်ကို ရေးသားပြုစုနိုင်ခဲ့သည်။ ဂျဒ်ဆင်ကို မြန်မာဘာသာနှင့် ယုဒသန်ဟုခေါ်တွင်ခဲ့သည်။

ရာသီဥတုဒဏ်ကြောင့် ဆရာနှင့် မမယုဒသန်တို့၏ သားငယ် ရော်ဂျာဝီလီယမ်သည် ၁၈၁၅-ခုနှစ်၊ စက်တင်ဘာလ(၁)ရက် အသက်(၄)နှစ်နှင့် (၂၃)ရက်အရွယ်တွင် သေဆုံးခဲ့သည်။ - - -

A view of the Christian religion: Three Parts, Historic, Dialectic and Preceptive ဟူသော ဝေစာကို ၁၈၁၆-ခုနှစ်၊ ဇူလိုင်လ(၃၀)ရက်တွင် အဦးဆုံးထုတ်နိုင်ခဲ့သည်။ ၁၈၁၇-ခုနှစ်၊ မေလ (၂၀)ရက်တွင် ရှင်မဿဲခရစ်ဝင်ကျမ်းကို ယုဒသန် မြန်မာဘာသာသို့ ပြန်နိုင်ခဲ့ပြီး၊ ရန်ကုန်မြို့ ရောက်ရှိသည် ၆-နှစ်နီးပါးကာလ အသက် ၃၀-နှစ်တွင် မြန်မာဘာသာစကားဖြင့် စတင်ဟောပြောနိုင်ခဲ့သည်။ ၁၈၁၉-ခုနှစ်၊ ဇွန်လ(၂၇)ရက်တွင် 'မောင်နော'ဟုအမည်ရသော ပထမဦးဆုံးတိုင်းရင်းသားယုံကြည်ပြောင်းလဲသူကို နှစ်ခြင်းမင်္ဂလာပေးခဲ့သည်။ ယင်း နောက် မောင်သာလှ၊ မောင်ရွှေငုံနှင့် မောင်အင်းတို့လည်း ယုံကြည်ပြောင်းလဲလာသည်။ ၁၈၂၂-ခုနှစ်၊ ဩဂုတ်လ (၂၈) ရက်တွင် ဘုရင်ဘကြီးတော်၏အမိန့်တော်ကြောင့် ယုဒသန်သည် Dr. Price နှင့်အတူ အင်းဝနေပြည် တော်သို့ သွားခဲ့ရသည်။ ၁၈၂၃-ခုနှစ်၊ ဇူလိုင်လ ၁၂-ရက်တွင် ဓမ္မသစ်ကျမ်းကို မြန်မာဘာသာပြန်ဆိုပြီးစီးပြီး၊ ဓမ္မ ဟောင်းကျမ်းကို စတင်ဘာသာပြန်သည်။

၁၈၂၄-ခုနှစ်၊ ဇွန်လ(၈)ရက်နေ့တွင် အင်းဝအကျဉ်းထောင်၌ (၁၁)လအကြာ အကျဉ်းကျခဲ့ရာ၊ (၉)လ တိုင်တိုင် သံခြေကျဉ်း(၃)ထပ်ဖြင့် ချုပ်နှောင်ခံ ခဲ့ရပြီး၊ ကျန်(၂)လမှာ သံခြေ ကျဉ်း(၅)ထပ်ဖြင့် ချုပ်နှောင် ခံခဲ့ရသည်။

၁၈၂၆-ခုနှစ် ဖေဖော်ဝါရီလ(၂၄)ရက်တွင် ရန္တပိုစာချုပ်ကို ဘာသာပြန်ပေးခဲ့သည်။ ရန်ကုန်၌ နေထိုင်ရန် အခြေ အနေမပေးတော့၍ ၁၈၂၆-ခုနှစ်၊ ဇွန်လ(၂၉)ရက်တွင် Phoenix အမည်ရှိ သင်္ဘောဖြင့် ထွက်ခွာခဲ့ ရာ ဇူလိုင်လ (၂)ရက်နေ့တွင် ကျိုက္ခမီသို့ ဆိုက်ရောက်ခဲ့သည်။ ယင်းနှစ် အောက်တိုဘာလ ၂၄-ရက် တွင် ဇနီးအဲန်(၃၇-နှစ်) ခရစ်တော်၌ အိပ်ပျော်ပြီး၊ များမကြာမီပင် သမီးငယ် မာရီယာ (၂-နှစ်၊ ၃-လ)မှာ ခရစ်တော်၌အိပ်ပျော်သည်။

၁၈၂၇-ခုနှစ်၊ ဩဂုတ်လ (၁၀)ရက်တွင် မစ္စတာဘော့ဒ်မဲန်(Mr.Boardman) မိသားစုများရှိရာ မော်လမြိုင် မြို့သို့ပြောင်းရွှေ့ရတော့သည်။ ၁၈၂၈-ခုနှစ်၊ မေလ (၁၆)ရက် တွင် စကောကရင်တိုင်းရင်းသား ကိုသာဖြူ ကို မစ္စတာဘော့ဒ်မဲန် နှစ်ခြင်းမင်္ဂလာပေးသည်။

၁၈၃၀-ခုနှစ်၊ ဇွန်လ (၁၁)ရက်တွင် ဆရာယုဒဿန် ပြည်မြို့သို့သွား ရောက်ခဲ့ပြီး၊ ခရီးလမ်းတစ်လျှောက် တရားဟောခြင်း၊ ဝေစာဝေခြင်းပြုလုပ်ခဲ့ပြီး၊ ပြည်မြို့ ရွှေဆံတော်စေတီ အနီးရှိ ဇရပ်တစ်ခု တွင် (၃)လ တိုင်တိုင် ဝမ်းမြောက်ဖွယ်ကယ်တင်ခြင်း တရားကို ဟောပြောခဲ့သည်။ ၎င်းနှစ် စက်တင်ဘာလ (၂၅)ရက်တွင် ရန်ကုန်မြို့သို့ ပြန်ရောက်ရှိရာ၊ မစ္စတာဘော့ဒ်မဲန်နှင့် ၎င်း၏သမီးတို့ သေဆုံး ကြောင်း ကြေကွဲဝမ်းနည်း ဖွယ်သတင်းကို ကြားသိလိုက်ရသည်။ မစ္စတာဘော့ဒ်မဲန်မှာ ကရင်လူမျိုး (၃၄)ဦးကို နှစ်ခြင်းမင်္ဂလာ ပေးရန် တောသို့သွားခြင်းဖြစ်ပြီး၊ ၎င်းတောရွာ၌ သေဆုံးခြင်းဖြစ်သည်။

၁၈၃၁-ခုနှစ်၊ ဇူလိုင်လ (၃၁)ရက်တွင် ဆရာယုဒဿန် ရန်ကုန်မှ မော်လမြိုင်သို့ ပြန်ရောက်လာသည်။ ထိုအချိန်၌ သာသနာပြုဆရာများ၏ ကြိုးပမ်းမှုဖြင့် မွန်မြန်မာအသင်းတော်၊ အင်္ဂလိပ်တပ်ရင်းမှ ဥရောပသားများ ပါဝင်သောအသင်းတော်နှင့် အိန္ဒိယအမျိုးသား တမီလ်အသင်းတော် ဟူ၍ အသင်းတော်သုံးပါး ဖွဲ့စည်းနိုင်ပြီးဖြစ်သည်။

၁၈၃၂-ခုနှစ်၊ ဒီဇင်ဘာလ (၁၅)ရက်တွင် ဓမ္မသစ်ကျမ်းကို ပုံနှိပ်ပြီးစီးပြီး၊ ဓမ္မဟောင်းကျမ်းကို ဆက်လက် ပြန်ဆိုသည်။

၁၈၃၄-ခုနှစ်၊ ဧပြီလ(၁၀)ရက်တွင် ဆရာယုဒဿန်နှင့် စာရာဟောလ်ဘော့ဒ်မဲန် (Mrs.Sarah Boardman)၊ မစ္စတာဖရန်စစ်မေဆင်အားဖြင့် ထိမ်းမြားလက်ထပ်သည်။ ယင်းနှစ်တွင်ပင် သမ္မာကျမ်းစာတစ်အုပ်လုံးကို ဆရာ ယုဒဿန် ဘာသာပြန်ဆိုပြီးစီးပြီး၊

၁၈၄၀-ခုနှစ်၊ အောက်တိုဘာလ (၂၄)ရက် မော်လမြိုင်ရှိ သာသနာပုံနှိပ်တိုက်၌ ရိုက်နှိပ်ပြီးစီးသည်။

၁၈၃၇-ခုနှစ်၊ နိုဝင်ဘာလ (၁၈)ရက်တွင် သမ္မာကျမ်းချုပ်ကို ဘာသာပြန်ပြီးသည်။

ဆရာယုဒဿန်၏ ယုံကြည်ခံယူချက်မှာ... ...

"ခရစ်ယာန် ယုံကြည်မှု ဘာသာသည် သမ္မာကျမ်းစာ၌ တည်ရှိ သောကြောင့်၊ သမ္မာကျမ်းတစ်အုပ် ရွာတစ်ရွာသို့ ရောက်သွားခြင်းသည်ပင်၊ သာသနာပြုပုဂ္ဂိုလ်တစ်ဦး ရောက်သွားသကဲ့သို့ဖြစ်သည်။" ဟူ၍ ဖြစ်သည်။

စာရာဂျဒ်ဆင်၏ကျန်းမာရေးကျဆင်းလာသဖြင့် ဆေးကုသရန် အမေရိကန်ပြည်ထောင်စုသို့ အပြန်၊ လမ်း ခရီး၌ စိန့်ဟယ်လင်နာကျွန်း(St. Halena) အရောက်၊ ၁၈၄၅-ခုနှစ်၊ စက်တင် ဘာလ(၁) ရက်၊ နံနက်ပိုင်းတွင် ခရစ်တော်၌ အိပ်ပျော်သွားခဲ့သည်။ ဆိုဖီလာဝေ့ါလ်ကာ သင်္ဘောနှင့် ခရီးဆက်ခဲ့ရာ၊ ၁၈၄၅-ခုနှစ်၊ အောက်တို ဘာလ (၁၅)ရက်တွင် အမေရိကန်ပြည်ထောင်စု၊ ဘော်စတွန်ဆိပ်ကမ်းသို့ ရောက်ရှိခဲ့ရာ၊ (၃၃)နှစ်မျှခွဲခွာအပြီး၊ မယုံကြည်နိုင်လောက်အောင် များပြားလှသော မိသားစုဝင်ဆွေမျိုးများက ဆရာယုဒဿန်အား ကြိုဆိုခြင်းကို ခံရကာ၊ မြန်မာနိုင်ငံမှ ကြီးမြတ်သော သာသနာပြု အဒိုနိုင်ရမ်ဂျဒ်ဆင် The great missionary Adoniram Judson ဟု ကင်ပွန်းတပ်ခံရသည်။

ဆရာယုဒဿန်နှင့်အတူပါလာသော ကလေး(၃)ဦးကို ၎င်းတို့၏အဒေါ် အဘီဂေးလ်ဘရောင်းဂျဒ်ဆင်ရှိရာ၊ ပလိုင်းမောက်သို့ ပို့လိုက်သည်။

၁၈၄၆-ခုနှစ်၊ ဇွန်လ (၁)ရက်တွင် Emily Chubbuct နှင့် ထိမ်းမြားလက်ထပ်ပြီး၊ ဇူလိုင်လ(၁၁)ရက်တွင် ဘော်စတွန်မှ ထွက်ခွာခဲ့ရာ၊ ကျိုက္ခမီသို့ ၁၈၄၆-ခုနှစ်၊ နိုဝင်ဘာလ (၂၇) ရက်တွင် ရောက်ရှိသည်။ ၁၈၄၇-ခုနှစ်၊ ဖေဖော်ဝါရီလ (၁၅)ရက်တွင် ရန်ကုန်သို့ရောက်သော်လည်း၊ ဘာသာရေးဟောပြောခြင်းကို လက်မခံသည့် အပြင်၊ နိုင်ငံခြားသားများကို ညှဥ်းဆဲနေသောကာလဖြစ်၍ ယုံကြည်ပြောင်းလဲသူများကို လျှို့ဝှက်စွာ နှစ်ခြင်း ပေးခဲ့ရသည်။ ၁၈၄၉-ခုနှစ်၊ ဇန်နဝါရီလ (၂၄)ရက်တွင် မြန်မာစာတတ်ပုဂ္ဂိုလ်တစ်ဦးနှင့် ပြုစုရေးသားခဲ့သော အင်္ဂလိပ်-မြန်မာအဘိဓာန်မှာ တစ်စိတ်တစ်ဒေသ ပြီးစီးပြီဖြစ်သည်။

ဆရာယုဒဿန်၏ကျန်းမာရေးမှာ တဖြည်းဖြည်းကျဆင်းလာခဲ့ရာ၊ ကျိုက္ခမီတွင် တစ်လကြာနေသော်လည်း၊ မသက်သာ၍ မော်လမြိုင်သို့ပြန်လာခဲ့သည်။ ဒေါက်တာမော်တွန်၏ အကြံပြုတိုက်တွန်းချက်အရ၊ ၁၈၅၀-ခုနှစ်၊ ဧပြီလ (၃)ရက်တွင် ပြင်သစ်သင်္ဘောဖြင့် မော်လမြိုင်မှ ပင်လယ်သို့ထွက်ခွာခဲ့ရာ၊ ယင်းနှစ် ဧပြီလ (၁၂)ရက်၊ အသက် (၆၂) နှစ်တွင် ခရစ်တော်၌ အိပ်ပျော်သွားရာ၊ ပင်လယ်ပြင်၌ပင် သင်္ဂြိုဟ်ခြင်းခံရသည်။ ၁၈၅၄-ခုနှစ်၊ ဇွန်လ (၁) ရက်တွင် Emily Chubbuct ဘုန်းတော်ဝင်စားသည်။

ဆရာယုဒဿန်အောက်မေ့ဘွယ်ရာအဖြစ်၊ ရန်ကုန်မြို့ - ယုဒဿန်တက္ကသိုလ်မှ ယုဒဿန်ဘုရားရှိခိုး ကျောင်း၊ အမေရိကန်ပြည်ထောင်စုပဲင်စယ်ဗေးနီးယား - Valley Forge ရှိ ယုဒဿန်စာပုံနှိပ်တိုက်တို့ ဆက်လက် တည်ရှိနေသည်။

ဆရာကြီးယုဒဿန်၏ မှတ်သားဖွယ်စကားများ။

"အိုဘုရားသခင်၊ ကိုယ်တော်ဟာ ကျွန်ုပ်နှင့်အတူ ရှိပါလျက်နဲ့ ဘာဖြစ်လို့ ဒီလောက်ပြင်းပြတဲ့ ဒုက္ခဝေဒနာကို ခံစားနေရတာလဲ ခရစ်တော်အတွက်သာ မဟုတ်ခဲ့ရင် . . . . ."

"In joy or sorrow, health or pain, Our course be onward still; We sow on Burma's (Myanmar's) barren hill, We reap on Zion's hill."

~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

# စည်းလုံးညီညွတ်၍ ... ဖွဲ့လုံ့လဝီရိယ ... ရှိသောလူငယ်များ

ရွေကျမ်းချက်၊–(မာကု။ ၂း၁–၅၊၁၁)

ရေး၊– John Ma

ကိုယ်တော်သည် ကပေရနောင်မြို့သို့ ဝင်ပြန်၍ အိမ်၌ရှိတော်မူသည်ကို ကြားကြလျှင်၊ တံခါးပြင်နားမှာ နေစရာမရှိနိုင်အောင် လူများတို့သည် အလျင်အမြန် စုဝေးကြသည်ဖြစ်၍၊ သူတို့အားတရားဟောတော်မူ၏။ ထိုအခါ လူလေးယောက်တို့သည် လက်ခြေသေသောသူတစ်ယောက်ကိုထမ်း၍၊ အထံတော်သို့ ဆောင်ခဲ့ကြ၏။ လူစုဝေးလျက်ရှိသောကြောင့် ကိုယ်တော်ရင်းသို့ မချဉ်းကပ်နိုင်သဖြင့်၊ ကိုယ်တော်ရှိရာ အပေါ်မှာ အမိုးကို ဖောက်ထွင်းပြီးမှ လူနာနှင့်တကွ အိပ်ရာခုတင်ကိုလျှော့ချကြ၏။ ယေရှုသည် ထိုသူတို့၏ ယုံကြည်ခြင်းကို မြင်လျှင်၊ လက်ခြေသေသောသူအား၊ ငါ့သား၊ သင်၏အပြစ်ကို လွှတ်စေပြီဟု မိန့်တော်မူ၏။ ....... ထလော့၊ ကိုယ်အိပ်ယာကို ဆောင်၍ ကိုယ်အိမ်သို့ သွားလော့ဟု သင့်အား ငါဆိုသည်ဟု လက်ခြေသေသောသူအား မိန့်တော်မူ၏။

ထိုသူသည်လည်း ချက်ခြင်းထ၍ အိပ်ရာကိုဆောင်လျက် လူအပေါင်းတို့ ရှေ့မှာ ထွက်သွား၏။ ထိုလူအပေါင်းတို့သည် မိန်းမောတွေဝေခြင်းရှိ၍၊ ဤကဲ့သို့ တခါမျှ မမြင်စဖူးဟုပြောဆို၍ ဘုရားသခင်၏ဂုဏ်တော်ကို ချီးမွမ်းကြ၏။



တခါက၊ သခင်ခရစ်တော်သည် ကပေရနောင်မြို့၏ အိမ်တစ်အိမ်သို့ ရောက်ရှိလာ၍၊ တရားဒေသနာ ဟောကြားတော်မူ၏။ တရားနာသောသူများ အလွန်များပြားလာသဖြင့် အိမ်၏ တံခါးအပြင်ဘက်မှာ ခြေချစရာပင်မရှိအောင် လူအများ စုဝေးလာကြသည်။ ထိုသို့လူအုပ်ကြီး၏ ဝန်းရံပိတ်ဆို့နေမှုကြောင့် လက်ခြေသေနေသောသူတစ်ယောက်ကို ထမ်းလာသော လူလေးယောက်တို့သည် ထိုသူကို သခင်ခရစ်တော် ထံသို့ ရောက်အောင် မပို့ဆောင်နိုင်ပါ၊ သို့သော် လက်မြှောက်အရှုံးမပေး။ စိတ်ပျက်အားလျှော့ခြင်းမရှိဘဲ။ ခရစ်တော်ရှိရာ အိမ်၏ခေါင်မိုးပေါ်သို့ တက်၍၊ အမိုးကိုဖေါက်ထွင်းပြီးမှ စည်းလုံးညီညွတ်လျက် ဖွဲ့လုံ့လဝီရိယ စိုက်ထုတ်ကာ၊ လက်ခြေသေနေသောသူကို အိပ်ယာနှင့် တတူတကွ ခရစ်တော်၏ ရှေ့မှောက်သို့ မရောက် ရောက်အောင် ပို့ဆောင်ပေးသောကြောင့် ဤလူလေးယောက်တို့၏ ယုံကြည်ခြင်းမှာ စံတင်လောက်ပေ၏။ ထိုသို့ ယုံကြည်ခြင်းကြောင့် လက်ခြေသေနေသော လူနာသည် လုံးဝပျောက်ကင်းကာ၊ ထ၍ လျှောက်သွားသည်ဆိုသည့် ဖြစ်ရပ်မှန်တစ်ခုကို သမ္မာကျမ်းစာတော်မြတ်၌ တွေ့နိုင်ပါသည်။

ထိုနည်းတူ၊ တပည့်တော်များဖြစ်ကြသော လူငယ်အပေါင်းတို့ သင်တို့အပေါင်းသည် အချင်းချင်း စိတ်ဝမ်းကွဲပြားမှုမရှိဘဲ။ "စည်းလုံးညီညွတ်၍..ဖွဲ့လုံ့လဝီရိယ.. ရှိသောယုံကြည်ခြင်း" ဖြင့်လက်တွဲကာ–

ကယ်တင်ခြင်းပျောက်ဆုံးနေသောသူများ၊
နာမကျန်းဖြစ်နေသောသူများ၊
ဒုက္ခရောက်နေသောသူများ၊
ကူညီမစမှုကိုလိုအပ်နေသောသူများ .... အစရှိသည်တို့ကို

ဤလူလေးယောက်ကဲ့သို့ ခရစ်တော်ထံသို့ မရောက်ရောက်အောင် ခေါ်လာမည်လော?။

သို့တည်းမဟုတ်၊

တရားနာသောလူအုပ်ကြီးကဲ့သို့ သခင်ခရစ်တော်ထံသို့ အခြားသူများကို အခွင့်အရေးမပေးဘဲ၊ ဝန်းရံပိတ်ဆို့ထားမည်လော?။

သခင်ခရစ်တော် တစ်ပါးတည်းသာလျှင်၊ လွတ်ငြိမ်းချမ်းသာခွင့်ကို ပေးနိုင်ပါသည်။ ❑ ❑

~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

# စက်ဆုပ်ရွံရှာ အရာခုနစ်ပါး

သုတ္တံကျမ်း၊ ၆း၁၆–၁၉

ထာဝရဘုရား မုန်းတော်မူသောအရာ ခြောက်ပါးမက၊ စက်ဆုပ်ရွံရှာသောအရာ ခုနစ်ပါးမှာ –

- ထောင်လွှားသော .. မျက်နှာတစ်ပါး၊
- မုသာ၌ ကျင်လည်သော .. လျှာတပါး၊
- အပြစ်မရှိသော သူ၏အသက်ကိုသတ်သော .. လက်တပါး၊
- မကောင်းသောအကြံကို ကြံစည်သော .. နှလုံးတပါး၊
- အပြစ်ပြုရာသို့ အလျင်အမြန်ပြေးတတ်သော .. ခြေတပါး၊
- မုသားစကားကိုပြော၍ မမှန်သော .. သက်သေတပါး၊
- အပေါင်းအဘော်ချင်းရန်တွေ့စေခြင်းငှါ ပြုတတ်သော .. သူတပါး။ တို့ဖြစ်ကြပါသည်။

~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

# လူငယ်မောင်မယ်များ ခွန်အားယူရန် ကျင့်ဝတ်

John သည် အအေးခန်း သိုလှောင်ရုံ တစ်ခုတွင် အလုပ်လုပ်ပါသည်။

တစ်နေ့သောအခါ၊ သူ၏တစ်နေ့တာ အလုပ်တာဝန်ပြီးစီး၍၊ တစ်စုံတရာကို စစ်ဆေးဖို့ အအေးခန်း **(freezer)** ထဲသို့ ဝင်သွားရာ၊ ထိုစဉ် တစ်ဦးတစ်ယောက်က အပြင်ဘက်မှ တံခါးကို ပိတ်လိုက်သဖြင့် သူသည် ကံဆိုး **(bad luck)** ၍၊ ထိုအခန်းထဲ၌ မည်သူမျှ မသိမမြင်ဘဲ ပိတ်မိနေလေ၏။

သို့ပေမဲ့လည်း **John** သည်  အစွမ်းရှိသရွေ့ အသံကုန်အော်ဟစ်၍၊ တံခါးကို တဒုံးဒုံး ထုနေသော် လည်း မည်သူမျှ မကြားနိုင်ပါ။ အလုပ်သမားအများစုက ပြန်သွားကြပြီ။ အအေးခန်း **(freezer)** ၏ အပြင်ဘက်တွင် အလုပ်သမားများရှိနေခဲ့လျှင်လည်း သူအော်ဟစ်၍ အကူအညီ တောင်းသံကို ကြားရန် မဖြစ်နိုင်သောကြောင့် အခန်းတွင်းမှာ ဘာဖြစ်နေသလဲ ဆိုတာကို မည်သူမျှမသိနိုင်ပါ။

ငါးနာရီကြာသော်၊ **John** သည် သေလုနီးနီး ဖြစ်နေ၏။ ထိုအချိန်တွင် စက်ရုံ၏လုံခြုံရေး တာဝန်ခံသည် တံခါးသော့ကို ဖွင့်၍ နောက်ဆုံးမှာ သူ့ကို ကယ်တင်ခဲ့ပါသည်။ ထိုနောက် **John** သည် လုံခြုံရေးတာဝန်ခံအား “ မင်းရဲ့ အလုပ်တာဝန် မဟုတ်ဘဲ ဘာကြောင့် ဒီဘက်ကိုလာပြီး၊ လုပ်ရသလဲ” လို့မေးလိုက်ပါသည်။

ထိုသူက ပြန်ပြောသည်မှာ “ ငါ ဒီစက်ရုံမှာ အလုပ်လုပ်နေတာ ၃၅ နှစ်ရှိပြီ။ နေ့စဉ် နေ့တိုင်း ဒီစက်ရုံကို ဝင်ထွက် သွားလာနေတဲ့ ရာပေါင်းများစွာသော အလုပ်သမားတွေ အထဲမှာ ရှားရှားပါပါး ငါ့ကို နံနက်တိုင်းမှာ မင်္ဂလာနံနက်ခင်းပါလို့ နှုတ်ခွန်းဆက်တဲ့ လူနည်းစုလေးထဲမှာ မင်းတစ်ယောက် အပါအဝင်ဘဲ။ ညနေခင်း အလုပ်ဆင်းချိန်မှာလည်း မင်းက ငါ့ကို ဂွတ်ဘိုင်လို့ နှုတ်ဆက်ပြီးမှ အလုပ်ရုံက ထွက်ခွါသွားတယ်။ ကျန်တဲ့လူအများကတော့ ငါ့ကို ရှိတယ်လို့တောင် မထင်ကြပါဘူး။

ဒီနေ့လည်း ယခင်အတိုင်းဘဲ မင်းလုပ်နေကျ ဟဲလို! နှုတ်ဆက်ပြီး၊ အဝင်တံခါးပေါက်က အလုပ်ရုံဆီကို မင်းလျှောက်သွားတယ်။ ဒါပေမဲ့ ထူးဆန်းစွာ ဒီနေ့ အလုပ်ဆင်းချိန်မှာတော့ မင်းရဲ့ ဂွတ်ဘိုင်! မနက်ဖန်မှာပြန်တွေ့ကြမယ် ဆိုတဲ့ စကားအသံ မကြားမိဘူး ဆိုတာကို သတိထားပြီး၊ ဂရုစိုက်မိတယ်။ အဲဒီကြောင့် စက်ရုံကို တပါတ်လှည့်လည် ကြည့်ဖို့ ချက်ခြင်းဘဲ ဆုံးဖြတ်ချက်ချလိုက်တယ်။ ငါဟာ နေ့စဉ် မင်းရဲ့ နှုတ်ခွန်းဆက်သံကို အမြဲ စောင့်စားကြည့်နေတဲ့ သူတစ်ဦးပါ။ မင်းရဲ့ အိမ်အပြန် နှုတ်ဆက်သံကို မကြားရလေတော့ တစ်စုံတစ်ခု ဖြစ်ပျက်နေမယ်လို့ ငါသိနေတယ်။ ဒါနဲ့ ငါလိုက်ရှာတော့ မင်းကို တွေ့ရတာပါဘဲ ။ ”

ဘဝသင်ခန်းစာ။ ။ လူ့ဘဝအသက်တာသည် တိုတောင်းသောကြောင့် သင့်အနီးပတ်လည်ရှိ လူများကို နှိမ့်ချသောစိတ်၊ ချစ်ခြင်းမေတ္တာနှင့် ရိုသေစွာ ပြုမူဆက်ဆံပါ။ အထူးသဖြင့် နေ့စဉ် သင်နှင့် တွေ့ဆုံ ဆက်ဆံနေရသောသူများအပေါ် မတရား မပြုလုပ်ပါနှင့်။ ကောင်းမှုပြုပါ။ ❑ ❑



# မှတ်သားစရာ အတိုအထွာ

ပေးပို့သူ- John Ma

တခါတရံ ဘုရားသခင်သည် မြဲမြံစွာဆုပ်ထားသော ကျွန်တော်တို့၏လက်ကို ဖြန့်လိုက်ပြီး၊ ခိုင်မြဲစွာဆုပ်ကိုင်ထားသော ကျွန်တော်တို့ ပိုင်ဆိုင်သည့်အရာများကို သိမ်းယူတတ်သည်။ ဤသို့ ပြုလုပ်လိုက်ခြင်းသည် ကျွန်တော်တို့ကို ဒဏ်ခတ်ခြင်း မဟုတ်ပါ။ ကျွန်တော်တို့ လက်ထဲသို့ ပို၍ကောင်းသော ပို၍ကြီးကျယ်ခမ်းနားသော အရာများကို ထည့်ပေးဖို့ရန် နေရာပြင်ဆင်ပေးခြင်း ဖြစ်သည်။

~~~~~~~~~~~~~~~~~~~~~~~~

- ဘုရားကျောင်းသို့သွား၍ဝတ်ပြုကိုးကွယ်ခြင်းသည် မကျန်းမာသူကို ကျန်းမာလာအောင် သွေးသွင်းပေးသကဲ့သို့ တပည့်တော်များကို ကြွယ်ဝသောဝိညာဉ်အသက်တာသို့ အသွင်ပြောင်းပေးသည်။
- ဘုရားသခင်သည် ရွှေဖလားကို မတောင်းဆို၊ ငွေဖလားကိုလည်း မတောင်းဆို၊ သို့သော် သန့်ရှင်းသော ဖလားကိုမူကား အလိုရှိပါသည်။
- ဘုရားသခင်အတွက် ကြီးကျယ်သောအမှုများကို လူအများစုက ဆောင်ရွက်ပေးလိုကြသော်ငြားလည်း၊ ဘုရားသခင်အတွက် သေးငယ်သောအမှုများကိုမူကား လူအနည်းစုသာ ဆောင်ရွက်ပေးလိုကြပါသည်။
- သမ္မာကျမ်းစာကသင့်ကို အပြစ်ဒုစရိုက်မှ ကင်းဝေးစေသည်။ သို့တည်းမဟုတ်၊ အပြစ်ဒုစရိုက်က သင့်ကို သမ္မာကျမ်းစာမှ ကင်းဝေးစေသည်။
- အများဆုံး ဒူးထောက် ဆုတောင်းသူသည် အကောင်းဆုံး ကြံ့ကြံ့ခံရပ်နိုင်သူ ဖြစ်သည်။

~~~~~~~~~~~~~~~~~~~~~~~~

ရေရာသော အရာတစ်ခုတော့ရှိသည်။ ထိုအရာမှာ “ဘုရားသခင်၏ ပို့ဆောင်ခြင်း” ပင်ဖြစ်လေသည်။ စာတမ်းလေးတစ်ခုကဆိုထားသည်မှာ–“ငါ့နောက်မှာ ယေရှုရှင်ရှိလျှင်၊ ငါ့ကို ယေရှုရှင် ချီပင့်ထားလျှင်– ရှေ့မှာရှိရှိသမျှ ငါရင်ဆိုင်မည်ပင်” နက်ဖြန်နေ့သည် မရေရာပါ၊ နက်ဖြန်နေ့တွင် ကျွန်ုပ်တို့ဘာဖြစ်မည်။ ဘာကို ရင်ဆိုင်ရမည် ကျွန်ုပ်တို့မသိ၊ မမြင်နိုင်ပါ။ သို့သော် နက်ဖြန်နေ့ကို ပိုင်သသောအရှင်သည် သခင်ယေရှုခရစ်တော်ပင် ဖြစ်သည်။

ခရီးသွားတစ်ယောက်က ဆရာကြီး လူးဝစ်ဟတ်စ်ကင်း ဆိုသူကို “မှောင်မည်းပြီး မရေရာတဲ့ ဒေသတစ်ခုကို သွားဖို့ ကျွန်ုပ်ကိုမီးတိုင်တစ်ခု ပေးပါ” ဟု တောင်းဆိုသော် ဆရာကြီးက “မရေရာတဲ့ အမှောင်ထဲကို သွားရင် မိမိကိုယ်ကို ဘုရားသခင် လက်ထဲအပ်နှံပါ၊  ပိုမိုလင်းထိန်ပြီးတော့ လုံခြုံသေချာတဲ့ ဘဝခရီး ဖြစ်လာလိမ့်မယ်”ဟူ၍ ဖြေကြားခဲ့လေသည်။

ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ကိုးစားလော့။ ကိုယ့်ဉာဏ်ကို အမှီမပြုနှင့်။ သွားလေရာရာ၌ ထာဝရဘုရားကို မျက်မှောက်ပြုလော့။ သို့ပြုလျှင် သင်၏ လမ်းခရီးတို့ကို ပဲ့ပြင်တော်မူမည်။ သု ၊ ၃း၅–၆

~~~~~~~~~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~~~~~~~~~